# ၁၉၅၄ ခုနှစ်၊ အလုပ်ရုံများ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ အလုပ်ရုံများ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၈၅ ၏ ခြွင်းချက်အစား အောက်ပါခြွင်းချက်ကိုထည့်သွင်းရမည်။

''သို့ရာတွင်—

(၁) ပုဒ်မ ၅၉ ၏၊ သို့တည်းမဟုတ် ပုဒ်မ ၆၂ ၏ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်သော အလုပ်ရုံ မန်နေဂျာအား၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်အား ငွေဒဏ်စီရင်ရာ၌ တရားရုံးသည်၊ ကျပ် ငါးရာတိုင်ပြီ ငွေဒဏ်ကိုဖြစ်စေ၊ပုဒ်မ ၇၃ (၁)တွင် ပြဋ္ဌာန်း ထားသည့် အချိန်ပို လုပ်ခကြေးငွေ၏ နှစ်ဆနှင့် ညီမျှသော ငွေဒဏ်ကိုဖြစ်စေ၊ထိုငွေဒဏ်နှစ်ရပ်အနက် များရာငွေဒဏ်ကို စီရင်ရမည်။

(၂) အလုပ်ရုံမန်နေဂျာနှင့် လုပ်ငန်းပိုင်ရှင်နှစ်ဦးလုံးသည် ပြစ်ဒဏ် စီရင်ခြင်းခံရလျှင်၊ ဆန့်ကျင်မှုတခုတည်းနှင့်စပ်လျဉ်း၍ စီရင် ခြင်းခံရသည့်ငွေဒဏ်စုစုပေါင်းသည်၊ဆိုခဲ့သည့် ငွေဒဏ်များ ထက် မပိုစေရ။''

ပ၊မြ၊ဗ၊စ၊—အမှတ် ၆၆၊ တရားရေးဝန်ကြီးဌာန၊ ၁၀-၁၂-၅၄—၂,၀၀၀—၂။
အဘိုး—၁၀ ပြား]